
# Wisconsin ပြည်နယ်၌ ဖြစ်ပွားသော တီဘီရောဂါ

(TUBERCULOSIS IN WISCONSIN)

**တီဘီရောဂါ** သို့မဟုတ် တီဘီသည် *မိုက်ကိုဘက်တီရီရမ် ကျူဘာကူလိုးစစ်*ဟုခေါ်သော ဘက်တီးရီယားကြောင့် ဖြစ်ပွားသည့် ရောဂါတစ်ခု ဖြစ်သည်။ အဆိုပါဘက်တီးရီးယားသည် အများအားဖြင့် အဆုတ်များကို တိုက်ခိုက်သော်လည်း (အဆုတ်တီဘီ) ယင်းသည် ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို တိုက်ခိုက်နိုင်ပါသည် (အဆုတ်တီဘီမဟုတ်သော)။ တီဘီရောဂါရှိသော လူပုဂ္ဂိုလ်တစ်ဦးက ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းဖြင့် ဘက်တီးရီးယားပိုးများအား လေထဲသို့ ဖြန့်လိုက်သောအခါတွင် တီဘီကူးစက်ပျံ့နှံ့ပါသည်။ တီဘီရောဂါရှိသူများသည် ၎င်းတို့၏ရောဂါလက္ခဏာများအတွက် ဆေးဘက်ဆိုင်ရာအကူအညီ ရယူပါက ကုသပျောက်ကင်းနိုင်ပါသည်။

တီဘီဘက်တီးရီးယား ကူးစက်သူတိုင်း နေထိုင်မကောင်းဖြစ်သည်မဟုတ်ပါ။ ငုပ်လျှိုးနေသော တီဘီပိုးကူးစက်မှု ခံစားနေရသူများသည် နေထိုင်မကောင်းမဖြစ်သည့်အပြင် မည်သည့်ရောဂါလက္ခဏာမျှလည်း မပြသဘဲ တီဘီကူးစက်ပျံ့နှံ့စေနိုင်ပါသည်။ ငုပ်လျှိုးနေသော တီဘီပိုးကူးစက်မှု ခံစားနေရသူများသည် တီဘီမပေါ်လာစေရန်အတွက် ဆေးဝါးများ သောက်သုံးနိုင်ပါသည်။

2024 ခုနှစ်တွင် Wisconsin ၌ တီဘီစစ်ဆေးတွေ့ရှိသည့် လူနာ 69 ဦး ရှိခဲ့ပါသည်။ အဆိုပါလူနာအများစုသည် အမေရိကန်နိုင်ငံပြင်ပတွင် တီဘီကူးစက်ခဲ့ခြင်းဖြစ်သည် သို့မဟုတ် တီဘီရောဂါရှိသည့် တစ်စုံတစ်ဦးနှင့်




## ပျမ်းမျှ ရောဂါဖြစ်ပွားမှု

**လွန်ခဲ့သော 10 နှစ်အတွင်း Wisconsin ၌ တစ်နှစ်လျှင် တီဘီဖြစ်ပွားသူ ပျမ်းမျှ 53 ဦး ရှိပါသည်။**

## ဆေးမတိုးခြင်း

**Wisconsin ၌ ဆေးမတိုးသောတီဘီ ဖြစ်ပွားနှုန်းသည် အမေရိကန်နိုင်ငံရှိ အမြင့်ဆုံးဖြစ်ပွားနှုန်းများ အနက်မှတစ်ခု ဖြစ်သည်။ လွန်ခဲ့သော 10 နှစ်အတွင်း Wisconsin ၌ MDR-TB လူနာ 11 ဦးကို ကုသခဲ့ပါသည်။**

## သေဆုံးမှုများ

**2024 ခုနှစ်တွင် တီဘီ သို့မဟုတ် ရောဂါအစုံကြောင့် လူ (2) သေဆုံးခဲ့ပါသည်။**